# ဖွံ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၉)

## အရေးပေါ်အခြေအနေနှင့် ဖွဲ့ စည်းပုံအခြေခံဥပဒေ

လူထု အတွက် အကျိုးခံစားခွင့်တွေ ဖြစ်ထွန်းစေပြီး တကယ် အသက်ဝင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မွေးထုတ်ပေးနိုင်ဘို့အတွက် အတိတ်က ဖြစ်ရပ်တွေကို ပြန်ပြောင်းလေ့လာဘို့ လိုအပ်ရုံသာမက မျက်မှောက်ကာလမှာ လူထုရင်ဆိုင်နေရတဲ့ အခက်အခဲတွေကိုပါ သုံးသပ်ရမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ နောင်အနာဂါတ်ကာလမှာ ဒီလို အဖြစ်ဆိုးမျိုးတွေ ထပ်မံမဖြစ်ပွားစေဘို့ အတွက် ရှောင်နိုင်ဘို့ ပါဘဲ။

ယခုလက်ရှိ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေက လူထုရင်ဆိုင်ခံစားနေရတဲ့ သဘာဝဘေးအန္တရယ် မုန်တိုင်းဒဏ်ဟာ မြန်မာနိုင်ငံသမိုင်းမှာ အပြင်းထန်ဆုံးလို့ ဆိုရမှာပါ။ လူဦးရေ သိန်းနဲ့ ချီ တဲ့အထိ သေကြေ ထိခိုက်ပျောက်ဆုံး ဒဏ်ရာရမှုတွေဖြစ်ပွားနေပါတယ်။ မုန်တိုင်းလာမယ်ဆိုတဲ့ သတင်းကို အာဏာပိုင်တွေက လူထုကို အချိန်မှီ ကြိုတင်သတိပေးမှု မပြုတဲ့အတွက် လူထုအနေနဲ့ ဒီလောက်ကြီးကြီးမားမား ထိခိုက်ခံစားရတာဖြစ်တယ်၊ ဒီ အတွက် နအဖမှာ တာဝန်ရှိတယ် ရယ်လို့ သုံးသပ်ထောက်ပြချက်တွေလည်း ထွက်ပေါ်နေပါတယ်။ ဒီဆိုးဝါးလှတဲ့ ဖြစ်ရပ်ကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရှုဒေါင့်ကနေ နားလည်သုံးသပ်နိုင်ဘို့အတွက် တင်ပြလိုပါတယ်။

အိန္ဒိယ နိုင်ငံမှာ ၁၉၄၁ ကနေ ၁၉၄၃ ခုနှစ် အတွင်း သဘာဝ ကပ်ဘေးကြီး ဆိုက်ခဲ့တဲ့အတွက် လူဦးရေ သုံးသန်း အထိ သေဆုံးခဲ့တယ်။ တရုပ်နိုင်ငံမှာလည်း ၁၉၅၈ ကနေ ၁၉၆၁ခုနှစ်ကြားကာလတွေအတွင်းမှာ ရေတွေအကြီးအကျယ်လွှမ်းမိုးပြီး အလားတူ ကပ်ဘေးကြီးဆိုက်ခဲ့တဲ့ အခါမှာတော့ လူဦးရေသန်းသုံးဆယ် သေဆုံးခဲ့တယ်။ တူညီတဲ့ သဘာဝ ဘေးအန္တရယ် အကြီးအကျယ်ခံစားရတာခြင်း အတူတူတရုပ်နိုင်ငံမှာ လူထုရဲ့ သေဆုံးမှုဟာ အိန္ဒိယ နိုင်ငံထက် ဆယ်ဆလောက် ဘာကြောင့် များရတာလဲ။ ဒါနဲ့ ပတ်သက်လို့ စီးပွားရေးပညာနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုရခဲ့တဲ့ ပါမောက္ခ အမာတာဆင်းရဲ့ နိုင်းယှဉ်သုံးသပ်တင်ပြချက်ကို ကမ္ဘာက လက်ခံခဲ့ကြရတယ်။

အဲဒါက ဘာလဲဆိုတော့ အိန္ဒိယဟာ ထိုစဉ်က ဗြိတိသျှ ကိုလိုနီအောက်မှာ ရှိခဲ့စဉ်ဖြစ်ပေမယ့် လူ့ အဖွဲ့အစည်းရဲ့ တည်ဆောက်ပုံဟာရှင်းလင်းမြင်သာတဲ့ အနေအထားမှာရှိတယ်။ လူထုအသင်းအဖွဲ့ တွေ၊ သတင်းမီဒီယာတွေ အားကောင်းတဲ့အခါကျတော့ ကိုယ့်ဒေသတွေမှာ ဘာတွေဖြစ်နေတယ်၊ ရိက္ခာဆေးဝါး အခြေအနေတွေ ဘယ်လိုရှိတယ်၊ လူထုအတွက် လိုအပ်တဲ့ ရုပ်ဝတ္ထု ပစ္စည်းတွေဘယ်လောက်အထိစုဆောင်းနိုင်တယ် အစရှိတဲ့ သတင်း အချက်အလက်တွေကို သိရှိခွင့်ရတယ်။ အုပ်ချုပ်သူအာဏာပိုင်တွေ အနေနဲ့ လဲ ဒေသဆိုင်ရာအလိုက် လုပ်ပိုင်ခွင့်တွေရှိ၊ လူထုအသင်းအဖွဲ့တွေလဲ ထိရောက်စွာလှုပ်ရှားခွင့်ရတဲ့အခါမှာ ဒေသအလိုက် ကြိုတင်ကာကွယ် မှုတွေ၊ ပြင်ဆင်မှုတွေလုပ်နိုင်ခဲ့တယ်၊ ဖြစ်လာတဲ့အခါမှာလည်း အရေးယူ ဆောင်ရွက်မှုတွေ၊ ကုသကယ်ဆယ်မှုတွေ ထိုက်သည့်အားလျှော်စွာ အားကောင်းခဲ့တယ် လို့ ဆိုပါတယ်။

အဲဒီခေတ်ကာလတုံးက တရုပ်နိုင်ငံမှာတော့ ဒါနဲ့ ပြောင်းပြန်ဖြစ်နေတယ်လို့ သိရတယ်။ တရုပ်နိုင်ငံမှာ တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးနေတဲ့ ကာလဖြစ်တယ်။ လူ့အဖွဲ့အစည်းဟာ ရှင်းရှင်းလင်း လင်းမြင်သာတဲ့ အနေအထား မရှိဘူး။ ကိုယ့်တိုင်းပြည်မှာ၊ ကိုယ့်ဒေသမှာ ဘာတွေဖြစ်ပျက်နေတယ်၊ ရိက္ခာ ဆေးဝါး အခြေအနေတွေ ဘယ်လိုရှိတယ်၊ လူထုအတွက် လိုအပ်တဲ့ ရုပ်ဝတ္ထု ပစ္စည်းတွေဘယ်လောက် အထိစုဆောင်းထားရှိနိုင်တယ် အစရှိတဲ့ သတင်း အချက်အလက်တွေကို သိရှိခွင့်မရဘူး။ အားလုံးကောင်းပါသည်ခင်ဗျား ရယ်လို့ အောက်ခြေ ဒေသခံအာဏာပိုင်တွေရဲ့ တင်ပြချက်တွေကို သူတို့ အထက်အရာရှိ အဆင့်ဆင့်က ယုံကြည်နေခဲ့ကြတယ်။ လူထုမှာ အကြီးအကျယ် ဒုက္ခအန္တရယ်တွေနဲ့ ကြုံတွေ့ ၊ အငတ်ဘေးကြီး ဆိုက်လာပြီး တကယ့်ကို အရေးပေါ် အခြေအနေရောက်လာတဲ့အခါမှာ စုဆောင်းထားတဲ့ ရိက္ခာပစ္စည်းတွေ၊ ဆေးဝါးတွေ၊ လူသုံးပစ္စည်းတွေ ထုတ်သုံးပြီး လူထုကို ထိထိရောက်ရောက် ကူညီကယ်ဆယ်မှုတွေ လုပ်ပေးရမယ် လို့ အထက်အာဏာပိုင်တွေကနေ အမိန့်ချလိုက်ပေမယ့် အောက်ခြေဒေသတွေမှာရှိတဲ့ ဂိုဒေါင်တွေထဲမှာ လူထုအတွက် ပေးဝေ ကယ်ဆယ်စရာ ပစ္စည်းရယ်လို့ ဘာတခုမှ ဟုတ္တိ ပတ္တိ မရှိတော့ဘူး။

သဘာဝ ဘေးအန္တရယ်ကြောင့် လူထုတွေ သေဆုံး ထိခိုက်ကြရတာခြင်း အတူတူ ရှင်းရှင်းလင်းလင်း သိရှိခွင့်၊ ဝေဘန်ထောက်ပြခွင့် ရတဲ့ လူ့ အဖွဲ့ အစည်းအဖြစ်တည်ဆောက်ထားနိုင်တဲ့ အိန္ဒိယနိုင်ငံဟာ ရှင်းရှင်းလင်းလင်း သိရှိခွင့် ဝေဘန်ထောက်ပြခွင့်မရတဲ့ တရုပ်နိုင်ငံထက် အဆတဆယ် လျော့နည်းပြီး လူထုတွေ အသေ

အပျောက် နည်းပါးခဲ့ရတာ ဖြစ်တယ်ရယ်လို့ ပါမောက္ခအမာတာ ဆင်းရဲ့သုတေသနပြုချက်အရ လေ့လာတွေ့ရှိရပါတယ်။ တိုင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကိုကျင့်သုံးအုပ်ချုပ်တာကြောင့် လူထုတွေအတွင်းမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ ရယူခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့တွေ ဖွဲ့စည်းလှုပ်ရှားခွင့်တွေ ပိတ်ပင်ခံရတာရဲ့ အကျိုးဆက်ကြောင့် ဖြစ်တယ်လို့လဲ သုံးသပ်နိုင်ပါတယ်။

အလားတူ အခြေအနေမျိုးကို အခုမြန်မာနိုင်ငံမှာတွေ့ကြုံရင်ဆိုင်နေရပါပြီ။ မြန်မာနိုင်ငံဟာအခုအချိန်အထိ ရှင်းရှင်းလင်းလင်းသိရှိခွင့်၊ ဝေဘန်ထောက်ပြခွင့် ရတဲ့ လူ့အဖွဲ့အစည်းမျိုးဖြစ်မနေသေးပါဘူး။ လူထုတွေအတွင်းမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ ရယူခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့တွေ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားခွင့်တွေ ရှိမနေသေးပါဘူး။ ၁၉၅၀၊ ၁၉၆၀၊ ၁၉၇၀၊ ဆယ်စုနှစ်ပိုင်းကာလများအတွင်း တရုပ်နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ဗဟိုချုပ်ကိုင်မှုထက်ပိုပြီး အဆများစွာ တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကို နအဖဟာ လက်တွေ့ကျင့်သုံးနေပါတယ်။

ထိုင်းနိုင်ငံမှာ ဆူနာမီဘေးအန္တရယ်ဆိုးကြီး ကြုံပြီးပြီးခြင်းမှာ ချက်ခြင်းဆိုသလိုဘဲ ထိုင်းအစိုးရအာဏာပိုင်တွေဆီကနေ ကယ်ဆယ်ရေးအဖွဲ့တွေ၊ ပစ္စည်းတွေ ရောက်လာသလို ထိုင်းနိုင်ငံမှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့တွေဟာလည်း အားကောင်းကောင်းနဲ့ လှုပ်ရှားနိုင်ပါတယ်။ ဆူနာမီရေလှိုင်း ဘေးအန္တရယ်ကြီးကြုံတွေ့ပြီးလို့ နှစ်ရက်၊ သုံးရက်အတွင်းမှာတင်ဘဲ နိုင်ငံတကာက အကူအညီတွေ ပုံအောပြီး ဝင်လာပါတယ်။ ထိုင်းနိုင်ငံမှာ တရားဝင်ရပ်တည်လှုပ်ရှားခွင့် မရပေမယ့် မြန်မာနိုင်ငံသားတွေနဲ့ ဖွဲ့စည်းထားတဲ့ လူထုအသင်းအဖွဲ့ တွေဟာလည်း ဖြစ်ပြီးလို့ လေး၊ ငါးရက်လောက် အတွင်းမှာတင်ဘဲ ဆူနာမီ ရေလှိုင်း ဘေးအန္တရယ်ကြုံတွေ့ခံစားနေရတဲ့ မြန်မာနိုင်ငံက ရွှေ့ပြောင်းအလုပ်သမားတွေကို အဲဒီ ဖြစ်ပွားရာဒေသတွေအထိသွားရောက်ပြီး ကူညီကယ်ဆယ်မှုတွေ နိုင်သလောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

ဒီလို ဘာကြောင့်ဖြစ်တာလဲ။ သဘာဝ ဘေးအန္တရယ်ဆိုးကြီးကြောင့် ဒုက္ခရောက်တဲ့ ပြည်သူတွေအတွက် ကူညီကယ်ဆယ်မှုတွေ၊ ထိုင်းနိုင်ငံမှာ ဘာကြောင့် ထိထိရောက်ရောက် ရခဲ့တာလဲ။ ထိုင်းနိုင်ငံ အစိုးရက သဘောကောင်းနေလို့လား။ ဒီလို မဟုတ်ပါဘူး။ လူ့အဖွဲ့ အစည်းရဲ့တည်ဆောက်ပုံကိုက မှန်ကန်တဲ့ လမ်းကြောင်းမှာ ရှိနေလို့ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ထိုင်းနိုင်ငံသားတွေကို လွတ်လပ်စွာစည်းရုံးခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သတင်းအချက်အလက်တွေ ရယူခွင့်တွေ ပြုထားတယ်။ အဲဒီ အခြေခံဥပဒေအပေါ်မှာ မှီငြမ်းပြုပြီး သတင်းဥပဒေကိုသီးသန့်ပြဋ္ဌာန်းပေးထားတယ်။ အဲဒီ ဥပဒေအရ ထိုင်းနိုင်ငံသားတွေဟာ တိုင်းပြည်ရဲ့လျှို့ဝှက်ချက်တွေကလွဲရင် အစိုးရဌာနဆိုင်ရာတွေ ဘာတွေလုပ်တယ်၊ ငွေကြေးရုပ်ဝတ္ထုပစ္စည်းတွေဘယ်လောက်ရှိတယ်၊ ဘယ်လို စီမံခန့်ခွဲသုံးစွဲနေတယ် ဆိုတာတွေကို မေးမြန်းခွင့် ရှိတယ်၊ သိရှိခွင့် ရှိတယ်။ ဝေဘန်ထောက်ပြခွင့် ရှိတယ်။ ထိုင်းနိုင်ငံဟာ ရာနှုန်းပြည့် မဟုတ်သေးတာတောင် အတိုင်းအတာအရ ရှင်းရှင်းလင်းလင်းရှိတဲ့ လူ့အဖွဲ့အဖြစ် တည်ဆောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားတယ်။

သဘာဝဘေးအန္တရယ်ကျရောက်လို့ အရေးပေါ်အခြေအနေ ဖြစ်လာတဲ့အချိန်မှာ ဒီ အခြေခံဥပဒေအောက်မှာ ထိုင်းနိုင်ငံလူထုတွေဟာ အသက်ဘေးအန္တရယ် မဆုံးရှုံးသင့်တာတွေ မဆုံးရှုံးအောင် ကာကွယ်မှုရနိုင်ခဲ့တာဖြစ်ပါတယ်။

နအဖ စစ်အာဏာပိုင်တွေဟာ တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးပြီး မြန်မာနိုင်ငံကို ပိတ်ဆို့တဲ့ လူ့အဖွဲ့အစည်းအဖြစ်တည်ဆောက်ထားပါတယ်။ မုန်တိုင်းဘေးအန္တရယ်ကြီး ကျရောက်လာတဲ့အချိန်မှာ ဂိုဒေါင်တွေကို ဖွင့်၊ လူထုအတွက် ကယ်ဆယ်ရေးပစ္စည်းတွေ၊ ရိက္ခာဆေးဝါးတွေ ချက်ခြင်း အမြန်ဆုံးအချိန်မီ ပို့ပေးခြင်းအားဖြင့် နအဖ စစ်အာဏာပိုင်တွေအနေနဲ့ နံမည်ကောင်းတောင်ရနိုင်ပါသေးတယ်။ ဒါပေမယ့် တရုပ်ပြည်မှာ ဖြစ်ပွားခဲ့တဲ့ အခြေအနေဆိုးမျိုးကို ကြုံတွေ့နေရပုံပါဘဲ။ နအဖဟာ တိုင်းပြည်ကို ကြွားဝါလို့ ကောင်းအောင် တံတားတွေ၊ အဆောက်အဦးတွေ တည်ဆောက်ပြထားတာကလွဲရင် လူထုအတွက် ရုပ်ဝတ္ထု လိုအပ်ချက်တွေ၊ ကယ်ဆယ်ရေးပစ္စည်းတွေ၊ ဘာတခုမှ ဟုတ္တိပတ္တိရှိမနေတော့ပါဘူး။

ထိုင်းနိုင်ငံမှာ လူထု အသင်းအဖွဲ့တွေဟာ နိုင်ငံတကာက အကူအညီတွေကို တောင်းယူခွင့်၊ လူထုအတွက် ဖြန့်ခွဲသုံးစွဲခွင့်ရှိတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ မုန်တိုင်းဒဏ်ကို ခံစားနေရတဲ့ လူထုတွေအတွက် လူမှု ကယ်ဆယ်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်တယ် လို့သိရတယ်။ ဒါပေမယ့် ရေဒီယိုအင်တာဗျူးတခုမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက သူတို့အနေနဲ့ ပြည်ပနိုင်ငံတွေက ပေးအပ်မယ့် အကူအညီကို လက်ခံခွင့်မရှိဘူးလို့ ပြောသွားတာ သတိပြုလိုက်မိပါတယ်။

သမိုင်းအတွေ့အကြုံတွေကို မှီငြမ်းပြုပြီး တရုပ်ပြည်မှာတောင်မှ ယခုအချိန်မှာ ဗဟိုချုပ်ကိုင်မှုကို တစုံတရာလျှော့ချကျင့်သုံးနေပါပြီ။ အောက်ခြေဒေသဆိုင်ရာတွေကို လုပ်ပိုင်ခွင့်တွေ ပိုပြီး အပ်နှင်းလာပါတယ်။ ဗဟိုချုပ်ကိုင်မှု တင်းကြပ်လွန်းပြီး ပိတ်ဆို့တဲ့ လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်ခံထားရတဲ့ မြန်မာနိုင်ငံမှာ သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့တဲ့အခါမှာ အဓိကခါးစီးပြီးခံလိုက်ရသူတွေကတော့ အခြေခံလူထုတွေဘဲ ဖြစ်ပါတယ်။ ယခုနအဖ က အတည်ပြုဘို့ကြိုးပမ်းနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကို ဆက်လက်တည်ဆောက်ထားတာကြောင့် ဒီလိုအခြေအနေဆိုးမျိုးကို လူထုတွေ ဆက်လက်ကြုံတွေ့မှာသာ ဖြစ်တဲ့ အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။